
ရှင်နွယ်ဟာန်
ကိုကို့ရဲ့ အရိုင်းပန်းလေး

# အပိုင်း(၁)

"အရိုင်းပန်း အရိုင်းပန်း"

အပေါ်ထပ်ခန်းဆီမှ မမကြေးမုံရဲ့ ခေါ်သံကြောင့် ပန်းလုပ်လက်စလေးတွေ ခဏရပ်ကာ ....

"ဒေါ်လေးမြ ပန်းသွားလိုက်ဦးမယ်နော်"

"အေးအေးသွား တော်ကြာနေ စိတ်တိုနေဦးမယ်"

ပန်းလည်း အမြန်ပင် အပေါ်ထပ်သို့ တက်လာကာ မမကြေးမုံရဲ့ အခန်းထဲသို့ ဝင်ခဲ့လိုက်သည် ။ အခန်းထဲတွင် တော့ မမကြေးမုံက ခုတင်ထပ်တွင် ထိုင်နေတာ တွေ့လိုက်ရသည် ။ ပန်းမမအနား အမြန်သွားကာ ....

"မမနိုးပြီလား"

"ဟဲ့ငါနိုးလို့ နင်မြင်နေတာပေါ့ တကတဲ ခေါ်မကြား အော်မကြားနဲ့ "

"မဟုတ်ပါဘူး မမရဲ့ ပန်းမနက်စာ ပြင်နေလို့ ပါ"

"တော်စမ်း နောက်ဆို ငါခေါ်တာနဲ့ တန်းလာခဲ့ကြားလား"

"ဟုတ်ကဲ့ပါမမ"

"ဒါနဲ့ ဒယ်ဒီနဲ့ မာမီရော နိုးကြပြီလား"

"ဟုတ် နိုးနေပါပြီ"

"အင်းပြီးရောလေ ငါရေချိုးဖို့ ရော အဆင်သင့် ဖြစ်ပြီလား"

"အဆင်သင့်ပါပဲ မမ"

"ရေချိုးတော့မယ် ဒီနေ့ ငါအပြင်သွားဖို့ အတွက်က အနီရောင်ဝတ်စုံ ထုတ်ထားပေးပါ ပြီးရင်စီးမဲ့ ဖိနပ်လည်း ဖုန်သုတ်ထားပေးဦး ကြား တယ်နော်"

"ဟုတ်ကဲ့ပါ မမ"

မမကြေးမုံ ရေချိုးခန်း ဝင်သွားတော့ ပန်းလည်း မမရဲ့ အိပ်ရာအား သိမ်းနေလိုက်သည် ။ ပြီးတော့ မမအတွက် အဝတ်အစား ထုတ်ကာ ဖိန ပ်ကို ဖုန်သုတ် ပေးနေလိုက်သည် ။ ဒီအိမ်မှာ ပန်းက ဖေဖေ့ရဲ့ သမီး ဆို ပေမဲ့ ကျွန်တစ်ယောက်လိုပါပဲ။ မေမေဆုံးတော့ ဖေဖေဟာ မမကြေးမုံ ရဲ့ အမေအား လက်ထပ်ခဲ့ခြင်း ဖြစ်သည် ။ အဲဒီတုန်းက ပန်းက ငယ် သေးတယ်လေ ဘာမှ မသိသေး။ မမကြေးမုံကို အစ်မတစ်ယောက်လို ချ စ်ပေမဲ့ မမကပန်းကို အခိုင်းအစေလိုသာ ဆက်ဆံသည် ။

အစက အဖေက ဝင်ပြောသော်လည်း ခုတော့ သူလည်း မတတ်နိုင် တော့ပါ။ ပန်း အတွေးလေးများ ဖြတ်ပြီး အောက်ထပ်သို့ ပြန်ဆင်းခဲ့ လိုက်သည် ။

"ဒေါ်လေးမြ ပြီးပြီလား"

"ပြီးပြီသမီးရဲ့ ဟင်းရည်အိုးလေး တည်ရုံပဲ"

"ဟုတ် ဒေါ်လေးမြ ပန်း တည်လိုက်ပါ့မယ်"

ပန်း ဟင်းရည်အိုးအား ပြင်ကာ တည် လိုက်လေသည် ။ ဒီနေ့မနက်

ဆာကို ရှမ်းခေါက်ဆွဲ လုပ်ပေးလိုက်သည်။ မမကြေးမုံက ရှမ်းခေါက်ဆွဲ ကြိုက်သည် ။ အားလုံး အဆင်သင့်ဖြစ်သော် စားပွဲပေါ်မှာ အဆင်သင့် ပြင်ဆင်ပေးလိုက်တော့သည်။

အားလုံးလုပ်ပေးပြီးသော် ဈေးသွားရန် ပြင်လိုက်သည်။

"ဒေါ်လေးမြ ပန်း ဈေးသွားတော့မယ်"

"အေး သမီးသွားလေ"

"မမကြေးမုံက ဘာစားချင်တယ်ပြောလဲ"

"ငါးခူဆီပြန် ဟင်းစားချင်တယ်တဲ့ ပြီးတော့ ပုစွန်ခြောက်လေးပါ ဝယ်ခဲ့ပေးပါဦးကွယ်"

"ဟုတ်ကဲ့ပါ"

ပန်းလေးတစ်ယောက် ဒေါ်လေးမြအား နှုတ်ဆက်ပြီး ခြင်းလေးဆွဲကာ ဈေးသို့ ထွက်ခဲ့လိုက်တော့သည်။

***

"သခင်လေး ဒီကောင့်ကို ဖမ်းလာပါပြီ"

"အဟွန် ...."

သူ သူရှေ့ကလူအား ကြည့်ကာ ခပ်မဲ့မဲ့လေး တစ်ချက် ပြုံးလိုက်သည်။ သူကတော့ စံအိမ်ကြီးရဲ့ သခင်လေး အဲနက်စ်ဇန်းနားပင် ဖြစ်သည်။

မှောင်ခိုလုပ်ငန်းကို လုပ်ကိုင်နေသူ တစ်ဦးလည်း ဖြစ်သည် ။ သူကိုယ်တိုင်လည်း မူးယစ်ဆေးဝါး အကုန်လုပ်သည် ။ မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ဆုံးသွားတော့ အဘွားဖြစ်သူနဲ့ ဒီအိမ်ကြီးမှာ နှစ်ယောက်တည်း ကျန်ခဲ့သည် ။ ဘာကိုမှ ဂရုမစိုက်။ ပုံစံက လူမိုက်စတိုင် ဂျစ်ကန်ကန်နဲ့ သူ့ကို တွေ့သည့်သူများက လန့်ကြရသည် ။ အဲဒီလောက်ထိ ဆိုးသွမ်းသူပါ။ သူရှေ့က လူကတော့ ....

"တောင်းပန်ပါတယ် သခင်လေး အဲနက်စ် ကျွန်တော့်ကို လွှတ်ပေးပါ"

အဲနက်စ်ပါးစပ်ထဲမှ စီးကရက်အဖြူကို အသာဖွာရှိုက်ရင်း ....

"အဟက် လွှတ်ပေးရမယ်ပေါ့ ဟုတ်လား ဟားဟား"

အဲနက်စ်ရဲ့ ရယ်သံကြီးကြောင့် အနားရှိ တပည့်များက လန့်နေကုန်ကြသည် ။ သိလိုက်ပါပြီ ဒီလောက်ဆိုရင် ....

"မင်းက ငါ့နယ်ကို ကျော်လာတာပဲ"

"ကျွန်တော် ကျွန်တော် တောင်းပန်ပါတယ် သခင်လေးရယ် ကျွန်တော့ကို လွှတ်ပေးပါဗျာ"

"ခွင့်လွှတ်ရမှာ ပေါ့"

အဲနက်စ် ပြုံးလိုက်ရင်း ....

"မင်းလွှတ်အောင်ပြေး"

သူ့စကားဆုံးသည် နှင့် ထိုလူလည်း ဝမ်းသာအားရ ပြေးလေသည် ။ အဲနက်စ်သေနတ်တစ်လက်ကို ယူကာ ထိုလူပြေးရာဆီသို့ ချိန်ရွယ်ကာ ပစ်လိုက်တော့သည် ။

"အား"

အဲဒီနောက်မှာ တော့ သူပစ်သတ်လိုက်တဲ့ သူဟာ ထိုနေရာမှာ ပင် သေဆုံးသွားသည် ။ သေကြစမ်း။ ငါ့ကို လာစမ်းချင်နေတဲ့ ကောင်တွေ။

အဲနက်စ် တပည့်တွေဘက် လှည့်ကာ ....

"အလောင်းကို အစဖျောက်လိုက်တော့ ငါနားတော့မယ်"

"ဟုတ်ကဲ့ပါ သခင်လေး"

သူ သူ့တပည့်တွေအား မှာ ကြားခဲ့ပြီး အခန်းထဲဝင်ကာ အနားယူလို က်တော့သည် ။ ခဏအကြာ အဘွားဖြစ်သူ ရောက်လာကာ ....

"မြေးစောစောက သေနတ်သံကြားတယ် လူသတ်ပြန်ပြီလား"

သူအဘွား ဘာမှ မပြောပဲ စီးကရက်သာ ဖွာနေလိုက်သည် ။

"မြေး အဘွားပြောတာ ကြားရဲ့ လား"

"ကြားပါတယ် ဘွားရဲ့ သိနေရဲ့ သားနဲ့ ဘာလို့ မေးနေတာလဲ ဘွားရ "

"အဲနက်စ် မင်းအဘွားကို ဘယ်လိုတွေ ပြောနေတာလဲ ခုပြောနေ တာ အဘွားဆိုတာလည်း သိထားဦး"

"အဘွားရာ မြေးအိပ်ချင်ပြီ"

ဟု ဆိုကာ ခုတင်ထက်တွင် စောင်ခြုံကာ အိပ်နေလိုက်တော့သည် ။

အဲနက်စ်ဆိုတဲ့ သူက အဲဒီလိုပါဆို။ အဘွားဖြစ်သူလည်း ဘာမှ မ ပြောတော့ပဲ အခန်းမီးပိတ်ကာ ပြန်သွားတော့သည် ။

***